# လူထုပူးပေါင်းပါဝင်ခြင်း (Community Participation)

အလွှာအမျိုးမျိုး၌ရှိသော လူထုအား သူတို့လိုအပ်ချက်များ၊ အခက်အခဲများနှင့် တာဝန်ဝတ္တရားများကို ကိုယ်တိုင်သိရှိပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၌ တက်တက်ကြွကြွ ပါဝင်လာစေခြင်းကို ဖွံ့ဖြိုးရေး၌ လူထုပူးပေါင်းပါဝင်ခြင်းဟု အဓိပ္ပါယ်သတ်မှတ်သည်။

အောက်ပါလုပ်ငန်းစဉ်များ၌ လူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ပါဝင်လေ့ရှိသည်။

- လိုအပ်ချက်များ ဆန်းစစ်ခြင်း

တိုးတက်ပြောင်းလဲလိုမှုများ၊ ရောက်လိုသော ရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်ပြီး မိမိသဘော ထားကို ဖော်ပြရာ၌ ပူးပေါင်းပါဝင်ခြင်း

- အစီအစဉ်ရေးဆွဲခြင်း

ရည်ရွယ်ချက်၊ ပန်းတိုင်နှင့် အစီအစဉ်များရေးဆွဲရာ၌ ပူးပေါင်းပါဝင်ခြင်း

- စည်းရုံးလှုံ့ဆော်ခြင်း

မိမိလိုအပ်ချက်များကို လူထုကိုယ်တိုင် သိမြင်လာစေခြင်း၊ အဖွဲ့အစည်းကို လူထုကထောက်ခံအားပေး ခြင်း

- သင်တန်းများ

ဆက်သွယ်ရေး၊ဆောက်လုပ်ရေး၊ထိန်းသိမ်းရေးနှင့်ငွေကြေးစီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းရည်နှင့် ပတ်သက်သော သင်တန်းများ တက်ရောက်ခြင်း

- အကောင်အထည်ဖော်ခြင်း

စီမံခန့်ခွဲရာ၌လည်းကောင်း၊ လုပ်ငန်းလုပ်ဆောင်ခြင်း၌လည်းကောင်း၊ ကုန်ကျစရိတ်များ ထည့်ဝင်ခြင်း၌လည်းကောင်း၊ ဝန်ဆောင်မှုပေးခြင်း၌ လည်းကောင်း၊ ဒေသအဖွဲ့အစည်းများ၌ အသင်းဝင်ကြေးပေးခြင်းအားဖြင့်လည်းကောင်း ပါဝင်ခြင်း

- စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်ခြင်း

အလုပ်ပြီးမြောက်မှု တိုင်းတာခြင်း၌ လည်းကောင်း၊ လိုအပ်ချက်များဖြည့်ဆည်းပေးမှု တိုင်းတာခြင်း၌ လည်းကောင်း ပါဝင်ခြင်း၊

## ပူးပေါင်းပါဝင်မှု အရေးပါရခြင်းမှာ....

- ဒေသခံများ၏ ရှိရင်းစွဲဖြစ်သော စွမ်းရည်များ၊ ခွန်အားများကို ဖော်ထုတ်နိုင်ခြင်း
- ဒေသခံလူထု၏အရေးတကြီး လိုအပ် ချက်များကိုသိရှိနိုင်ခြင်း၊တစ်ဦးချင်းစီအတွက်ကြုံတွေ့ နေရသော အခြေအနေအရပ်ရပ်ကို ခွဲခြားနိုင်ခြင်း
- လူထု၏အဓိကဖြစ်လိုသောဆန္ဒများကို သေချာစွာ သိရှိနိုင်ခြင်း
- လူထုလိုအပ်ချက်နှင့်ကိုက်ညီသော သင့်လျော်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးနိုင်ခြင်း
- လူထုအား မိမိကိုယ်တိုင်ရပ်တည်နိုင်စေရန် ခွန်အားများရရှိစေခြင်း

- စိတ်ဒဏ်ရာခံစားနေရသူများရှိပါက လူမှုရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်စေခြင်းဖြင့် စိတ်ပိုင်း ဆိုင်ရာ အင်အားများ ရရှိစေခြင်း
- ရေရှည်တည်တံ့စေသော နည်းစနစ်များ ဖန်တီးနိုင်ခြင်းတို့ ဖြစ်သည်။

**ပူးပေါင်းပါဝင်ခြင်း၏ အကျိုးကျေးဇူး**

- တာဝန်ခွဲဝေယူနိုင်ခြင်း
- ဒေသ၏ အရင်းအမြစ်များကို အသုံးပြုနိုင်ခြင်း
- တစ်ဦးချင်း လိုအပ်ချက်အလိုက် အစီအစဉ်များ ရေးဆွဲနိုင်ခြင်း
- တစ်ဦးချင်း လိုအပ်ချက်များကို ခွဲခြားနိုင်ခြင်း
- အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ခြင်း
- မိမိကိုယ်ပိုင်လုပ်ငန်း (သို့မဟုတ်) တွဲဖက်လုပ်ကိုင်ရသော လုပ်ငန်းအဖြစ် ခံယူစေခြင်း
- စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ခြင်း

**ပူးပေါင်းပါဝင်ခြင်း၏ စိန်ခေါ်မှု (အခက်အခဲ) များ**

- ဖွဲ့စည်းပုံ နှင့်ဆိုင်သော ကန့်သတ်ချက်များရှိခြင်း
- အချိန်အကန့်အသတ်ရှိခြင်း
- စရိတ်စကကြီးခြင်း နှင့်
- အုပ်စုကွဲခြင်း (သို့) လုံခြုံရေးဆိုင်ရာ ပြဿနာများရှိလာခြင်း တို့ဖြစ်သည်။

**ပူးပေါင်းပါဝင်သင့်သူများမှာ....**

နေရာဒေသအလိုက် လိုအပ်ချက်များ ခြားနားမှုပေါ်မူတည်၍ ပူးပေါင်းပါဝင်သူ အမျိုးမျိုးရှိသည်။

အမျိုးသားများ
ထိခိုက်လွယ်သော
အန္တရာယ်ကျရောက်လွယ်သောသူများ
မုဆိုးမများ၊မုဆိုးဖိုများ
အမျိုးသမီးများ
အသက်ကြီးသူများ
ကလေးများ
ကိုယ်အင်္ဂါမသန်စွမ်းသူများ